# စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီ၏

# ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ

## နိဒါန်း

၁။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် ကျင်းပသော စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက် အရ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ညွှန်ကြားချက်အရ လည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များသို့ ကျေးလက်ဒေသမီးလင်းရေးနှင့် လျှပ်စစ်ဓာတ်အားချိတ်ဆက်နိုင်ရေးဆိုင်ရာ တင်ပြချက်များ အတွက် (၁၃.၈.၂၀၁၈) မှ (၁၅.၈.၂၀၁၈) အထိ မြေပြင်အခြေအနေ ကွင်းဆင်းစစ်ဆေးခြင်း ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးလက် ဒေသများ၏ လျှပ်စစ်မီးလိုအပ်ချက်များနှင့် လျှပ်စစ်ဓာတ်အားလိုင်း ချိတ်ဆက်နိုင်ရေး အ တွက် စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီအနေဖြင့် ကွင်းဆင်းစစ်ဆေး၍ မြေပြင် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန်။

## ကွင်းဆင်းစစ်ဆေးရေးခရီးစဉ်နှင့် စစ်ဆေးတွေ့ရှိချက်များ

၃။ မန္တလေးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီ သည် (၁၃.၈.၂၀၁၈) ရက်နေ့မှ (၁၅.၈.၂၀၁၈) ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များရှိ ကျေးရွာပေါင်း (၁၂)ရွာသို့ သွားရောက်၍ ကျေး လက်မီးလင်းရေး၊ လျှပ်စစ်မီးလင်းရေးဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်၍ ကွင်းဆင်း စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ယခုအစီရင်ခံစာတွင် မိတ္ထီလာမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည့် (၁၃.၈.၂၀၁၈) ရက်နေ့မှ (၁၅.၈.၂၀၁၈) ရက်နေ့ ခရီးစဉ် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များသာမက (၂၀.၇.၂၀၁၈) ရက်နေ့မှ (၂၄.၇.၂၀၁၈) ရက်နေ့ ခရီးစဉ်တွင် မိတ္ထီလာမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များ၌ ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များကိုပါ တင်ပြသွားပါမည်။ (၁၃.၈.၂၀၁၈) ရက်နေ့မှ (၁၅.၈.၂၀၁၈) ရက်နေ့အထိ မိတ္ထီလာမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးလှိုင်ဝင်း | စဉ့်ကိုင်မြို့နယ် မဲဆန္ဒနယ်(၂) | ဥက္ကဋ္ဌ |
| (ခ) | ဦးချစ်မင်းသိန်း | မလှိုင်မြို့နယ် မဲဆန္ဒနယ်(၁) | အတွင်းရေးမှူး |
| (ဂ) | ဒေါ်သီတာငြိမ်း | မလှိုင်မြို့နယ် မဲဆန္ဒနယ်(၂) | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်မျိုးဦး | ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်(၂) | ။ |
| (င) | ဦးဝဏ္ဏအောင် | တံတားဦးမြို့နယ် မဲဆန္ဒနယ်(၂) | ။ |
| (စ) | ဗိုလ်မှူးကြီး ကျော်နိုင်စိုး | တပ်မတော်သား ကိုယ်စားလှယ် | ။ |
| (ဆ) | ဗိုလ်မှူး ဖြိုးသီဟကျော် | တပ်မတော်သား ကိုယ်စားလှယ် | ။ |
| (ဇ) | ဦးနေဇင်လင်း | | လွှတ်တော်ရုံး |
| (ဈ) | ဦးမျိုးဇော် | | လွှတ်တော်ရုံး |

**၄။ မိတ္ထီလာမြို့နယ်တွင် ကွင်းဆင်းစစ်ဆေးခြင်း (၂၀.၇.၂၀၁၈-၂၄.၇.၂၀၁၈)။**

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၈)ရွာကို (၂၂.၇.၂၀၁၈) ရက်နေ့နှင့် (၂၃.၇.၂၀၁၈) ရက်နေ့များတွင် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာအလိုက် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အုံတုံကျေးရွာ။** အုံတုံးကျေးရွာသည် အိမ်ခြေ (၃၅၃) အိမ်ရှိပြီး JICA အရ ဒီဇယ်အင်ဂျင်ဖြင့် မီးလင်းပြီးကျေးရွာဖြစ်ပါသည်။ အုံတုံကျေးရွာအား

(၁၁) ကေဗွီလိုင်းဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နိုင်ရန်မှာ မိတ္ထီလာမြို့နယ် ၊ ဝသုန်တောကျေးရွာမှ (၁၁)ကေဗွီလိုင်း (၂)မိုင်ခန့် ခရိုင်ချင်းဆက်ကားလမ်း အတိုင်း သွယ်တန်း၍ ဆောင်ရွက်နိုင်ပါသည်။ ဝသုန်တောကျေးရွာသို့ (၁၁) ကေဗွီလိုင်း ရောက်ရှိရေးကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ် (၁၂လ) ဘတ်ဂျက် ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(ခ) **ရွာသစ်ကျေးရွာ။** ရွာသစ်ကျေးရွာသည် အိမ်ခြေ (၁၀၂) အိမ်ရှိပြီး ကျေးရွာ မီးလင်းရေးအတွက် ဖလန်ကျင်းဓာတ်ခွဲရုံမှ (၁၁) ကေဗွီလိုင်း(၁)မိုင် သွယ် တန်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၁၂လ) ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။

(ဂ) **ကျောက်အိုးကျေးရွာနှင့် အင်ပင်ဝကျေးရွာ။** ရွာသစ်ကျေးရွာ လျှပ်စစ် မီးရရှိပြီးပါက ၎င်းရွာနှင့် (၁)မိုင် (၂)ဖာလုံ အကွာအဝေးရှိ ကျောက်အိုးကျေး ရွာနှင့် အင်ပင်ဝကျေးရွာ (၂) ရွာအား မီးလင်းရေး ဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။ ကျောက်အိုးကျေးရွာသည် အိမ်ခြေ (၁၃၅) အိမ်ရှိပြီး အင်ပင်ဝကျေးရွာ သည် အိမ်ခြေ(၂၉၂) အိမ် ရှိပါသည်။ ၎င်းကျေးရွာနှစ်ရွာ လျှပ်စစ်မီးရရှိရေး အား National Electricity Plan (NEP) တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။

(ဃ) **ငွေးချို၊ သဘွတ်ကုန်းနှင့် ဇရပ်ကုန်းကျေးရွာ။** ကျောက်အိုးနှင့် ငွေးချို သည် (၁) မိုင်၊ ငွေးချိုနှင့် သဘွတ်ကုန်းသည် (၂)မိုင်၊ သဘွတ်ကုန်နှင့် ဇရပ် ကုန်းသည် (၁)မိုင် ကွာဝေးကြပါသည်။ သို့ဖြစ်ပါ၍ ကျောက်အိုးကျေးရွာ လျှပ် စစ်မီးရရှိပါက ကျောက်အိုးကျေးရွာမှ (၁၁) ကေဗွီလိုင်း (၄)မိုင် ထရန်စဖော်မာ နှင့် ဆက်စပ်ပစ္စည်းများ လျာထားဆောင်ရွက်ပေးမည်ဆိုလျှင် ငွေးချို၊ သ ဘွတ်ကုန်းနှင့် ဇရပ်ကုန်းကျေးရွာ (၃)ရွာအား လျှပ်စစ်မီးရရှိရေး ဆောင်ရွက် ပေးနိုင်မည် ဖြစ်ပါသည်။

(င) **ညောင်ဖောက်ကျေးရွာ။** ညောင်ဖောက်ကျေးရွာတွင် အိမ်ခြေ (၁၀၀)ခန့် ရှိပါသည်။ ကျေးရွာမီးလင်းရေးကို အောင်မြန်မာ (ကျော်ညီမြတ်) ကုမ္ပဏီမှ ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး (၁၁) ကေဗွီလိုင်း (၄) ဖာလုံတည်ဆောက်ရန်အတွက် ရန်ပုံငွေကို အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် မဖြစ်မနေ ထည့်သွင်းလျာထားပေးသင့်ပါသည်။

(စ) **ရှမ်းမငယ်ကျေးရွာအုပ်စု။** ရှမ်းမငယ်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း (၉) ရွာ ပါဝင်ပါသည်။ ၎င်းတို့အနက် သပြေကုန်း၊ ညောင်လည်၊ ဂါတ်ကုန်း ကျေးရွာ (၃)ရွာ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၁၂) လ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။ ကျန်ကျေးရွာ မီးလင်းရေးကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်-

(၁) ဖလန်ကျင်း 5 MVA ဓာတ်အားခွဲရုံအား ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီး ဓာတ်အားစတင်ပို့လွှတ်ပေးနိုင်သည်နှင့် အောက်ပါကျေးရွာ (၃) ရွာအား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်-

(ကက) **ဂွေးကုန်း (အိမ်ခြေ ၈၅)။** ရွာတွင်းမီးလိုင်းများ ဆောင်ရွက်ဆဲဖြစ်သည်။ (၁) ဖာလုံခန့်ကွာဝေးသော ညောင်ကုန်းရွာမှ (၁၁) ကေဗွီလိုင်း သွယ် တန်း ဆောင်ရွက်ရမည်။

(ခခ) **ချောင်းခွ (အိမ်ခြေ ၇၅)။** (၁)မိုင် (၄) ဖာလုံခန့် ကွာဝေးသော ဂွေးကုန်းကျေးရွာမှ (၁၁) ကေဗွီလိုင်း သွယ်တန်းဆောင်ရွက်ရမည်။

(ဂဂ) **သစ်ဆိမ့်ပင် (အိမ်ခြေ ၇၅)။** ချောင်းခွကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသဖြင့် ချောင်းခွကျေးရွာသို့ (၁၁) ကေဗွီလိုင်းရောက်ပါက ၎င်းမှ ရယူဆောင်ရွက်နိုင်မည်ဖြစ်သည်။

(မှတ်ချက်။ ဖလန်ကျင်းဓာတ်အားခွဲရုံးသည် ဓာတ်အားစတင်ပို့လွှတ်ပေးနိုင်ရန် အချိန်ကာလ (၂) လခန့် ကြာမြင့်ဦးမည်ဟု သိရှိရပါသည်။)

(၂) သပြေကုန်းနှင့် ညောင်လည် လျှပ်စစ်မီးရရှိပြီးပါက အောက်ပါကျေးရွာ (၃) ရွာအား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်-

(ကက) **ကန်ဦး (အိမ်ခြေ ၇၀)။** (၂) မိုင်ခန့် ကွာဝေးသော ညောင်လည်ကျေးမှ (၁၁)ကေဗွီလိုင်း သွယ်တန်းဆောင်ရွက်ရမည်။

(ခခ) **အတက်မြင့် (အိမ်ခြေ ၃၀)။** (၂.၃)ဖာလုံခန့်ကွာဝေးသော ညောင်လည်ကျေးရွာမှ (၁၁) ကေဗွီလိုင်း သွယ်တန်းဆောင်ရွက်ရမည်။

(ဂဂ) **ဝါးရုံစု (အိမ်ခြေ ၈၀)။** (၁) မိုင် (၄) ဖာလုံခန့်ကွာဝေးသော အတက်မြင့် ကျေးရွာမှ (၁၁) ကေဗွီလိုင်း သွယ်တန်းဆောင်ရွက်ရမည်။

(ဆ) **ကံကောင်းကျေးရွာ။** ကျေးရွာမီးလင်းရေးအတွက် (၁)မိုင်ခန့် ကွာဝေးသော ကံကောင်းဓာတ်အားခွဲရုံမှ (၁၁) ကေဗွီလိုင်း သွယ်တန်းဆောင်ရွက်မည်ဖြစ်သည်။ (၁၆၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံးချထားပေးသဖြင့် အိမ်ခြေ (၁၄၀) ရှိသည့် ရွာမကြီးအတွက် အဆင်ပြေသော်လည်း အမြန်လမ်းတစ်ဖက်ခြမ်းရှိ အိမ်ခြေ (၄၀) နှင့် အမြန်လမ်းဘေးရှိ ဆိုင်ခန်းများကိုလည်း မီးလင်းရေးဆောင်ရွက်ပေးလိုကြောင်း ကျေးရွာမှ တင်ပြရာ (၁၆၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံးအစား (၃၁၅) ကေဗွီအေ ထရန်စဖော်မာတစ်လုံး ပြောင်းလဲ တပ်ဆင်အသုံးပြုခွင့်ရရှိရေး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အမြန်ဆုံး တင်ပြရန် အကြံပေးခဲ့ပါသည်။

၅။ မိတ္ထီလာမြို့ရှိ ရပ်ကွက်များတွင် ကွင်းဆင်းစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်၊ နယ်မြေ (၃)၊ ရေဆင်းကွက်သစ် (ပြည်ထောင်စုတိုးချဲ့ ရပ်ကွက်) သောက်သုံးရေရရှိရေးအတွက် ရေတွန်းတင် စက်မောင်းနှင်ရန် (၁၁) ကေဗွီအေ ဓာတ်အားလိုင်း (၁၂၀၀) ပေ သွယ်တန်းဆောင်ရွက်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသုံးပြုခွင့်ငွေ (၅.၂)ကျပ်သန်း ချထားပေးခဲ့ပါသည်။ ၎င်းလိုင်းကို သွယ်တန်းခြင်းမပြုဘဲ သွယ်တန်းထားပြီးဖြစ်သော ဓာတ်အားလိုင်းမှ ထပ်မံသွယ်ယူအသုံးပြုခဲ့ပါသည်။ ယင်းဓာတ်အားလိုင်းအမှန်တကယ် သွယ်တန်းခြင်းမရှိသည့်ကိစ္စမှာ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ဆောင်ရွက်ချက်ဖြစ်သဖြင့် ခွင့်ပြုဘတ်ဂျက် (၅.၂) ကျပ်သန်းအား မည်ကဲ့သို့ သုံးစွဲခဲ့သည်ကို မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့အား ရှင်းလင်းခိုင်းရန် အကြံပြုခဲ့ပါသည်။ ပြည်ထောင်စုတိုးချဲ့ ရပ်ကွက်လျှပ်စစ်မီး မရရှိသေးသည့်ကိစ္စကိုလည်း ကော်မတီအနေဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

## ၆။ မိတ္ထီလာမြို့နယ်တွင် ကွင်းဆင်းစစ်ဆေးခြင်း (၁၃.၈.၂၀၁၈ - ၁၅.၈.၂၀၁၈)။

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၆)ရွာကို ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာအလိုက် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မကျီးစုကျေးရွာ။** မကျီးစုကျေးရွာတွင် အိမ်ခြေ (၁၈၀) ရှိပါသည်။ မကျီးစုကျေးရွာနှင့် မြေနီကုန်းကျေးရွာတို့သည် တစ်ဆက်တစ်စပ်တည်း တည်ရှိပါ

သည်။ မကျီးစုကျောင်းတိုက် ဆရာတော်မှ ဦးဆောင်၍ (၁၁) ကေဗွီလိုင်း (၁.၀၇) မိုင် (၅၆၅၀) ပေကို တိုင်ပေါင်း (၅၆)တိုင် စိုက်ထူပြီး ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ကြပါသည်။ ဝန်ဇင်းဓာတ်အားခွဲရုံမှ ဓာတ်ငွေ့ feeder လိုင်းမှ သွယ်တန်းရယူရန် ဖြစ်ပါသည်။ (၃၁၅) ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို လည်း သွယ်ယူတပ်ဆင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် မကျီးစု ကျောင်းတိုက်ဆရာတော် ပျံလွန်တော်မူသွားခဲ့ရာ ကျေးရွာမီးလင်းရေး ဆောင် ရွက်မှုများ ရပ်တန့်သွားခဲ့ရပါသည်။ မီးလိုင်းတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်ကုမ္ပဏီမှ ကိုယ်စားလှယ်ဆိုသူက ဆရာတော်ထံမှ လုပ်အားခများ ရရှိရန် ကျန်သေးသည်ဟုဆိုကာ ထရန်စဖော်မာ၏ ဆက်စပ်ပစ္စည်းများကို ဖြုတ်ယူသွားခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် မြေနီ ကုန်း ကျေးရွာအတွက် (၁၁) ကေဗွီလိုင်း (၀.၀၆) မိုင် (၃၀၀)ပေနှင့် (၂၀၀) ကေဗွီအေ ထရန်စဖော်မာတစ်လုံး ကန်နီကျေးရွာအတွက် (၁၁) ကေဗွီ (၁)မိုင် (၁) ဖာလုံနှင့် (၁၆၀) ကေဗွီအေ ထရန်စဖော်မာတစ်လုံး ချထားပေးခဲ့ပါသည်။ ယင်းကဲ့သို့ ကျေးရွာမီးလင်းရေးအတွက် ဘတ်ဂျက်များချထားပေးသဖြင့် မကျီးစုကျောင်း တိုက်ဆရာတော် ဦးစီးဆောင်ရွက်ခဲ့သည့် ကိုယ်ထူကိုယ်ထ မီးလိုင်းအတွက် ကုန်ကျစရိတ်များကို ထည့်ဝင်ခြင်း မပြုကြတော့ပေ။ (၂၀၀) ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် မကျီးစု၊ မြေနီကုန်း၊ ရွာသစ်၊ ဆည်ခြား၊ ကွမ်းခြံကုန်းကျေးရွာ(၅)ရွာ စလုံးကို လုံလောက်စွာ မီးပေးနိုင်မည်ဖြစ်သည်။ (၂၀၀)ကေဗွီအေ ထရန်စဖော်မာဖြင့် မီးပေးနိုင်ရန် လိုအပ်သည့် ဆက်စပ် ပစ္စည်းများကို မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးသီဟလှိုင် ဦးဆောင်သည့် လျှပ်စစ်အဖွဲ့မှ စစ်ဆေးခဲ့ကြပါသည်။ မကျီးစုနှင့် မြေနီကုန်းကျေးရွာ (၂)ရွာ စလုံးတွင် ရွာတွင်းမီးလိုင်းများ သွယ်တန်းပြီးဖြစ်သဖြင့် မီးလင်းရေးအတွက် အဆင်သင့်ဖြစ်နေပြီး (၂၀၀) ကေဗွီအေ ထရန်စဖော်မာ ဆက်စပ်ပစ္စည်းများ ရရှိပါက ဓာတ်အားချိတ်ဆက်ရန်သာ ကျန်ရှိပါတော့သည်။ မြို့နယ်လျှပ်စစ် မန်နေဂျာ ဦးသီဟလှိုင်ကလည်း မီးလင်းရေးကော်မတီ (၁၇) ဦး ထောက်ခံ ချက်ဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ရုံးသုံးမီတာများ လာလျှောက်ကြရန် အသိပေးပြောကြားခဲ့ပါသည်။ စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ဝင်းက (၃၁၅) ကေဗွီအေ ထရန်စဖော်မာတစ်လုံးသာ လိုအပ် သဖြင့် ပိုနေသည့် (၂၀၀) ကေဗွီအေ ထရန်စဖော်မာကို မည်ကဲ့သို့ စီမံခန့်ခွဲရ

မည်နှင့် ဓာတ်အားချိတ်ဆက်နိုင်ရေး အမြန်ဆုံး ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

(ခ) ကန်နီကျေးရွာ။ ကန်နီကျေးရွာသည် မကျီးစုရွာနှင့် (၁)မိုင်ကျော်ခန့် ကွာဝေးပြီး အိမ်ခြေ (၅၀) ခန့် ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် (၁၁) ကေဗွီလိုင်း (၁)မိုင် (၁) ဖာလုံနှင့် (၁၆၀) ကေဗွီအေ ထရန်စဖော်မာ (၁)လုံးတို့ကို တည်ဆောက်တပ်ဆင်ထားပြီးဖြစ်ပါသည်။ ရွာတွင်းလိုင်းများကိုလည်း ကိုယ်ထူကိုယ်ထဆွဲထားပြီး လျှပ်စစ်မီးအသုံးပြုမည့် အိမ်တိုင်းတွင် လျှပ်စစ်မီတာများ တပ်ဆင်ထားပြီးဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားကို မကျီးစုကျေးရွာ၏ (၁၁) ကေဗွီလိုင်းမှ ချိတ်ဆက်ရယူမည်ဖြစ်ပါသဖြင့် မကျီးစုကျေးရွာသို့ လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း ရပ်တန့်လျက်ရှိပါသည်။

(ဂ) **ပြင်သာ(၂)ကျေးရွာ။** ပြင်သာ(၂) ကျေးရွာတွင် အိမ်ခြေ (၂၁၈)အိမ်ရှိပါသည်။ မီးလင်းပြီး လျှော်ဖြူကန်ကျေးရွာမှ လျှပ်စစ်ဓာတ်အားချိတ်ရယူရန် (၁၁) ကေဗွီလိုင်း (၁.၅၆) မိုင်အတွက် (၃၉) ခန်းစာတိုင်များ ကိုယ်ထူကိုယ်ထ စိုက်ထူပြီး (၃၁၅) ကေဗွီအေ ထရန်စဖော်မာ (၁)လုံး တပ်ဆင်ပြီးဖြစ်ပါသည်။ သို့ရာတွင် (၁၁) ကေဗွီလိုင်းအတွက် ကြိုး၊ Footing နှင့် ဆက်စပ် ပစ္စည်းများ လိုအပ်လျက်ရှိပါသည်။ (လိုအပ်သည့် ရန်ပုံငွေအား အနီးဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးသင့်ပါသည်။)

(ဃ) **သပြေဝကျေးရွာ (ထနောင်းကန်ဆိုင်ခန်း)။** ထနောင်းကန်ဆိုင်ခန်းတွင် အိမ်ခြေ (၁၉၃) အိမ်ရှိသဖြင့် (၂၀၀) ကေဗွီအေ ထရန်စဖော်မာဖြင့် မီးပေးနေသည်မှာ လုံလောက်မှုမရှိသဖြင့် (၃၁၅) ကေဗွီအေ ထရန်စဖော်မာ ပြောင်းလဲအသုံးပြုရန် ဆောင်ရွက်လျက်ရှိပါသည်။ တစ်ဘက်ခြမ်းအိမ်ခြေ (၄၀) အစုအဝေးကလည်း ၎င်းတို့ အိမ်ခြေစု မီးလင်းရေးအတွက် မီးလင်းရေးကော်မတီဖွဲ့စည်းပြီး ရွာတွင်းလိုင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဲ့သို့ တစ်ရွာတည်းတွင် မီးလင်းရေးကော်မတီ နှစ်ဖွဲ့ကွဲနေသဖြင့် (၈.၈.၂၀၁၈) ရက်နေ့တွင် လျှပ်စစ်မန်နေဂျာ ဦးသီဟလှိုင်ဦးစီးပြီး အစည်းအဝေးပြုလုပ်ကာ မီးလင်းရေးကော်မတီ တစ်စုတည်းဖြစ်အောင် ပြန်လည်ဖွဲ့စည်းပေးခဲ့ပါသည်။ မီးလင်းရေးကော်မတီဖွဲ့စည်းခွင့်ကိုလည်း (၁၃.၈.၂၀၁၈) ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြထားပြီးဖြစ်ပါသည်။ မီးလင်းရေးကော်မတီအနေ

ဖြင့် (၄၀၀) ဗို့ဓာတ်အားလိုင်းတည်ဆောက်ခြင်းအတွက် ယခင်က တစ်အိမ်ထောင်လျှင် (၇)သိန်းကျပ်စီ ကျခံထည့်ဝင်ခဲ့ကြသော်လည်း ယခုခေတ်အခြေအနေအရ တစ်အိမ်ထောင်လျှင် (၄)သိန်းကျပ်သာ ထည့်ဝင်စေရေး စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီမှ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အိမ်ခြေ (၄၀) ဖက်ခြမ်းမှ အိမ်ထောင်စုများမှလည်း ၎င်းတို့တည်ဆောက်ပြီးသည့် ရွာတွင်းလိုင်းများအတွက် တစ်အိမ်ထောင်လျှင် (၂)သိန်း (၆)သောင်းကျပ်စီ ကုန်ကျပြီးဖြစ်သဖြင့် နောက်ထပ် (၁) သိန်း (၅)သောင်းကျပ် ထည့်ဝင်ရန် သဘောတူနိုင်ခဲ့ကြပါသည်။

(င) **မြာကျေးရွာအုပ်စု။** မြာကျေးရွာသည် အိမ်ခြေ (၁၇၀)ခန့်ရှိပြီး ၂၀၁၄ခုနှစ်ကတည်းက မီးလင်းပြီးဖြစ်ပါသည်။ ရေဝေကျေးရွာနှင့် တဲကြီးကုန်းကျေးရွာများ မီးလင်းရေးအတွက် မြာကျေးရွာသို့ ရောက်ရှိပြီးဖြစ်သည့် (၃၃)ကေဗွီလိုင်းမှ မြာကျေးရွာ အလယ်တန်းကျောင်းခွဲအနီးမှ ပေ(၁၀၀၀)ခန့် ဖြတ်သန်းသွယ်တန်းခြင်းကို မြာကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမျိုး၊ မြာကျေးရွာ မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ညိုနှင့် မီးလင်းရေးကော်မတီ အတွင်းရေးမှူး ဦးစိုးအောင်တို့ ဦးဆောင်သည့် မြာကျေးရွာသူ/သားများမှ အပြင်းအထန်ကန့်ကွက်ခဲ့ကြပါသည်။ တဲကြီးကုန်းကျေးရွာသို့ သွယ်တန်းထားသည့် (၃၃) ကေဗွီလိုင်းမှ ဓာတ်တိုင် (၂)တိုင်ကိုလည်း ယာပိုင်ရှင် ဦးအောင်ငယ်မှ ၎င်း၏ ယာမြေအတွင်း ကျရောက်နေသဖြင့် နေရာရွှေ့ပေးရန် တင်ပြထားသည့် ပြဿနာလည်း ရှိနေပါသည်။ မြာကျေးရွာမီးလင်းရေးအတွက် (၃၃) ကေဗွီလိုင်း (၄၀၀၀)ပေခန့်ကို ကုန်းသာရွာမှ ကိုယ်ထူကိုယ်ထ သွယ်တန်းရယူထားခြင်းဖြစ်ပြီး သိန်း (၂၄၀) ကုန်ကျခဲ့ပါသည်။ အဆိုပါကုန်ကျစရိတ်ကို တဲကြီးကုန်၊ ရေဝေ၊ ရှမ်းတဲနှင့် မြာ (၄)ရွာမှ တစ်ရွာလျှင် သိန်း (၆၀) စီထည့်ဝင်ရန် ယခင်က ကတိကဝတ်ပြုခဲ့ကြပါသည်။ ရေဝေကျေးရွာမှ မြာကျေးရွာသို့ သိန်း (၃၀) ပေးချေပြီး ဖြစ်ပါသည်။ ကော်မတီအနေဖြင့် မြာကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျေးရွာအုပ်ချုပ်ရေးမှူး မီးလင်းရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာလူကြီးများနှင့် တွေ့ဆုံပြီး နိုင်ငံတော်၏ မီးလင်းရေးမူဝါဒ၊ မီးလင်းရေးကော်မတီမှ လိုက်နာရမည့်အချက်(၁၂)ချက်တို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ ရေဝေနှင့် တဲကြီးကုန်း မီးလင်းရေးအတွက် (၃၃) ကေဗွီလိုင်း ပေ(၁၀၀၀)ခန့်အား မြာကျေးရွာ အလယ်တန်းကျောင်းခွဲ

အနီးမှ ကျေးရွာချင်းဆက်လမ်းအတိုင်း သွယ်တန်းမည်ကို ညှိနှိုင်းဆွေးနွေးခဲ့ရာ မြာကျေးရွာမှ အပြင်းအထန် ကန့်ကွက်ခဲ့ပါသည်။ ကော်မတီက မြာကျေးရွာက ကန့်ကွက်သော်လည်း ရေဝေနှင့် တဲကြီးကုန်းကျေးရွာ မီးလင်းရေးကို နိုင်ငံတော်မူဝါဒအတိုင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြာကျေးရွာအနေဖြင့် (၃၃) ကေဗွီလိုင်း ပေ (၄၀၀၀)ခန့်ကို ကိုယ်ထူကိုယ်ထဆွဲခဲ့ရသဖြင့် ကုန်ကျစရိတ်များရှိသည်မှာ မှားသော်လည်း ကော်မတီအနေဖြင့် ငွေရေးကြေးရေးကိစ္စကို မဖြေရှင်းပေးနိုင်ကြောင်း၊ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် မဖြေရှင်းပေးနိုင်ပါကအုပ်ချုပ်မှုနည်းလမ်းဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

(စ) **အုံ့ထူးစည်ပင်သာကျေးရွာ။** အုံ့ထူးစည်ပင်သာဆိုသည်မှာ အုံ့ထူးနှင့် စည်ပင်သာကျေးရွာနှစ်ရွာကို ပေါင်းပြီး ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ နှစ်ရွာပေါင်း အိမ်ခြေ (၁၁၁) အိမ်ရှိပါသည်။ မလှိုင်-မိတ္ထီလာကားလမ်းမှ မြေသားလမ်းအတိုင်း မိုင်ဝက်ခန့် ဝင်ရပါသည်။ အုံ့ထူးစည်ပင်သာ ရွာဦးကျောင်းတွင် ဒေသခံ ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေးရာတွင် အုံ့ထူးစည်ပင်သာကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် လိုအပ်ချက်များကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ညှိနှိုင်းတိုင်ပင်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ မီးလင်းရေးကော်မတီ ဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ဦးစီးဌာနသို့ တရားဝင်တင်ပြပြီး ဖွဲ့စည်းထားရန်လိုအပ်ကြောင်း၊ မီးလင်းရေးကော်မတီ တရားဝင်ဖွဲ့စည်းပြီးပါက ရွာတွင်း (၄၀၀)ဗို့လိုင်း တည်ဆောက်ရန် ရွာတွင်း ရန်ပုံငွေကောက်ခံပြီး ဘဏ်တွင်ငွေစာရင်းဖွင့်လှစ်ထားသင့်ကြောင်း၊ ရွာတွင်းလိုင်းတည်ဆောက်ခွင့်ကို သက်ဆိုင်ရာဌာနများသို့ တင်ပြခွင့်ပြုချက်တောင်းခံပြီး စတင်ဆောင်ရွက်သင့်ပါကြောင်း၊ ရွာတွင်းလိုင်း တည်ဆောက်ပြီးစီးပါက (၃၃/၁၁)ကေဗွီလိုင်းနှင့် ထရန်စဖော်နှင့် ဆက်စပ်ပစ္စည်းများအတွက် ဘတ်ဂျက်ရရှိရေး တင်ပြတောင်းခံသွားရမည်ဖြစ်ကြောင်း၊ ကျေးရွာမီးလင်းရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပေးခဲ့ပါသည်။

၇။ စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီသည် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသီဟလှိုင်လိုက်ပါ၍ မိတ္ထီလာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သွားရောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းမြွေး (ပ/ ၄၂၁၁)နှင့် တွေ့ဆုံကာ ရေဝေကျေးရွာနှင့် တဲကြီးကုန်း

ကျေးရွာ မီးလင်းရေးအတွက် မြာကျေးရွာမှ ကန့်ကွက်နှောင့်ယှက်နေမှုကို တင်ပြခဲ့ပြီး ကျေးရွာများ မီးလင်းရေးအတွက် အုပ်ချုပ်မှုနည်းလမ်းဖြင့် မည်ကဲ့သို့ ဆောင်ရွက်နိုင်ကြောင်း မေးမြန်းခဲ့ပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက မြာကျေးရွာကိစ္စကို အုပ်ချုပ်မှုနည်းလမ်းဖြင့် ဆောင်ရွက်ရန် အသေးစိတ် အစီအမံများကို ခရိုင်ရုံးမှတစ်ဆင့် အစိုးရအဖွဲ့ရုံးသို့ တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ကျပါက အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

၈။ **ပျော်ဘွယ်မြို့နယ်တွင် ကွင်းဆင်းစစ်ဆေးခြင်း (၂၀.၇.၂၀၁၈-၂၄.၇.၂၀၁၈)။** ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၅)ရွာကို (၂၃.၇.၂၀၁၈) ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာအလိုက် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ထန်းတပင်ကျေးရွာ (အိမ်ခြေ ၇၀)။** ရွာတွင်းလိုင်းများ ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။ လျှပ်စစ်မီးရရှိရေးအတွက် National Electricity Plan (NEP) တွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါသည်။

(ခ) **ကြက်သွန်ခင်းကျေးရွာ (အိမ်ခြေ ၅၀)။** ရွာတွင်းလိုင်းများ ဆောင်ရွက်ပြီးစီးဖြစ်ပါသည်။ လျှပ်စစ်မီးရရှိရေးအတွက် National Electricity Plan (NEP) တွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါသည်။

(ဂ) **သာစည်ကျေးရွာ (အိမ်ခြေ ၁၅၀)။** ရွာတွင်းလိုင်းများ ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၁၂လ) ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။

(ဃ) **ကန်ဦးကျေးရွာ (အိမ်ခြေ ၇၀)။** ရွာတွင်းလိုင်းများ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၆လ) ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။

(င) **ထနောင်းပင်ဝိုင်းကျေးရွာ။** အလယ်ကျွန်း၊ ထနောင်းပင်ဝိုင်း၊ လင့်စင်ကုန်း၊ ကြက်တည်းလေးကျေးရွာ (၄)ရွာမှာ လျှပ်စစ်မီးရရှိပြီးဖြစ်သော်လည်း ယင်းရွာ (၄)ရွာမှာ မင်းရာမမှ ရွာသစ်ကျေးရွာအထိ (၁၁) ကေဗွီလိုင်း (၁၀)မိုင်ခန့်ကို ကိုယ်ထူကိုယ်ထ စုပေါင်း၍ တည်ဆောက်ခဲ့ရခြင်း၊ ထရန်စဖော်မာအိုးများအား ပြင်ပမှ ဝယ်ယူ၍ တပ်ဆင်ခဲ့ရခြင်းတို့ကြောင့် ကျေးရွာမီးလင်းရေး ကော်

မတီများတွင် အကြွေးတင်လျက်ရှိပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် တင်ပြခဲ့ပါသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပျော်ဘွယ်မြို့နယ်၊ မဲဆန္ဒနယ်(၁)၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်စိုးက ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြ မေးခွန်းအနေဖြင့် မေးမြန်းခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဇာနည်အောင်က " ပျော်ဘွယ်မြို့နယ်အတွင်းရှိ အလယ်ကျွန်း၊ ထနောင်းပင်ဝိုင်း၊ လင့်စင်ကုန်း၊ ကြက်တည်းလေးကျေးရွာတို့အတွက် (၁၁/၀.၄) ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ (၄) လုံး တည်ဆောက်ခြင်းမှာ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ လုပ်ငန်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်းနှင့် မီးလင်းနေကြောင်း စိစစ်တွေ့ရှိရပါ၍ ကျေးရွာ (၄)ရွာအတွက် ထောက်ပံ့တောင်းခံငွေ စုစုပေါင်း ကျပ်သိန်း(၅၈၀) အားတိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေမှ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း" ဖြေကြားသည်။

၉။ **ပျော်ဘွယ်မြို့နယ်တွင် ကွင်းဆင်းစစ်ဆေးခြင်း (၁၃.၈.၂၀၁၈-၁၅.၈.၂၀၁၈)။** ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၆)ရွာသို့ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာအလိုက် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဝက်လက်အုပ်စု၊ သက်ကယ်ချင်းကျေးရွာ (အိမ်ခြေ ၆၀)။** ရွာတွင်းလိုင်းများတည်ဆောက်ပြီးစီးပြီးဖြစ်ပါသည်။ (၃၃/၀.၄) ကေဗွီဓာတ်အားလိုင်း ပေ (၅၀) ခန့်နှင့် (၁၀၀) ကေဗွီအေ ထရန်စဖော်မာ (၁) လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ Load များ၊ Break Switch တစ်ခု လိုအပ်လျက်ရှိပါသည်။ ပျော်ဘွယ်ဓာတ်အားခွဲရုံမှ ဓာတ်အားရယူအသုံးပြုပါမည်။

(ခ) **တောတွင်းလှအုပ်စု၊ ချောင်းလမ်းကြီးကျေးရွာ (အိမ်ခြေ ၁၄၇)။** ရွာတွင်းလိုင်းများတည်ဆောက်ပြီးစီးပြီးဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၆)လ ဘတ်ဂျက်တွင် (၁၁)ကေဗွီလိုင်း (၁)မိုင်နှင့် (၁၆၀) ကေဗွီအေ ထရန်စဖော်မာ (၁) လုံးချထားပေးပြီး ဖြစ်ပါသည်။

(ဂ) **တောတွင်းလှ၊ (တောင်) ကျေးရွာ (အိမ်ခြေ ၁၃၀)။** ရွာတွင်းလိုင်းများကို ၂၀၁၇ခုနှစ် ဇူလိုင်လကတည်းက တည်ဆောက်ပြီးစီးပြီးဖြစ်ပါသည်။ (၁၁) ကေဗွီလိုင်း (၀.၉) မိုင်၊ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ (၁) လုံးနှင့် ဆက်

စပ်ပစ္စည်းများ လိုအပ်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားကို ပျော်ဘွယ်ဓာတ်အားခွဲရုံ Feader 2 မှ ချိတ်ဆက်ရယူနိုင်ပါသည်။

(ဃ) **ထရံကာအုပ်စု၊ သီးပင်ကျေးရွာ (အိမ်ခြေ ၃၀၀)။** ရွာတွင်းလိုင်းများကို ၂၀၁၃ ခုနှစ် ကတည်းက တည်ဆောက်ပြီးစီးပြီးဖြစ်ပါသည်။ အိမ်ခြေ (၂၃၀)ခန့် တစ်စုနှင့် အိမ်ခြေ (၇၀)ခန့် တစ်စု နှစ်နေရာကွဲနေသဖြင့် (၂၀၀) ကေဗွီအေ ထရန်စဖော်မာ (၁)လုံး နှင့် (၁၀၀) ကေဗွီအေ (၁)လုံးတို့ကို သီးခြားစီနေရာခွဲ တည်ဆောက်ပေးရန်နှင့် ရွာသစ်ကလေးကျေးရွာမှ (၁၁) ကေဗွီလိုင်း (၁.၇၅)မိုင် ဆွဲရန် လိုအပ်လျက်ရှိပါသည်။

(င) **စပါယ်ကုန်းအုပ်စု၊ တလင်းကုန်းကျေးရွာ(ရန်အောင်မြို့နယ်) ( အိမ်ခြေ ၂၃၅)။** မီးလင်းရေးလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊ မေလမှ စတင်ခဲ့ရာ (၆.၈.၂၀၁၈) ရက်နေ့တွင် ရွာတွင်းလိုင်းအားလုံး တည်ဆောက်ပြီးစီးခဲ့ပါသည်။ ရန်အောင်ဓာတ်အားခွဲရုံမှ ဓာတ်အားရယူအသုံးပြုပါမည်။ (၁၁) ကေဗွီလိုင်း (၂) မိုင် (၂၀၀) ကေဗွီအေ ထရန်စဖော်မာ (၁) လုံးနှင့် ဆက်စပ်ပစ္စည်းများလိုအပ်လျက်ရှိပါသည်။

(စ) သဖန်းချောင်းကျေးရွာ(ပျော်ဘွယ်မြို့နယ်)(အိမ်ခြေ၆၀၀)။ သဖန်းချောင်းကျေးရွာသည် ပျော်ဘွယ်မြို့မှ (၁၄)မိုင်ခန့် ကွာဝေးပြီး ပျော်ဘွယ်-နတ်မောက်သွား ကားလမ်းပေါ်တွင် တည်ရှိပါသည်။ ကျေးရွာမှ ရန်အောင်ဓါတ်အားခွဲရုံတည် ဆောက်ရန် မြေ(၂)ဧက လှူဒါန်းထားပါသည်။ National Electricity Plan ( NEP ) တွင် (၁၁) ကေဗွီ (၀.၅)မိုင်နှင့် (၁၁/၀.၄)ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ(၂)လုံး ထည့်သွင်းလျာထားပေးပြီး ဖြစ်ပါသည်။

**သုံးသပ်ချက်**

၁၀။ မိတ္ထီလာမြို့နယ်၊ မကျီးစုကျေးရွာ လျှပ်စစ်ဓါတ်အားရရှိလျှင် ကန်နီကျေးရွာ၊ ပြင်သာ (၂) ကျေးရွာအပါအဝင် မြေနီကုန်း၊ ရွာသစ်၊ ကွမ်းခြံကုန်း၊ ထနောင်း ပင်ကုန်းကျေးရွာ အစုအဖွဲ့များ ပါလျှပ်စစ်ဓါတ်အား ရရှိနိုင်မည်ဖြစ် သည်။

၁၁။ မိတ္ထီလာမြို့နယ်၊ မြာကျေးရွာအုပ်စု၊ မြာကျေးရွာ ထရန်စဖော်မာမှ (၃၃) ကေဗွီဓါတ်အား လိုင်းပေ(၁၀၀၀)ခန့် တည်ဆောက်ခြင်း လုပ်ငန်းကို အမြန်အပြီး

သတ်နိုင်လျှင် ရေဝေကျေးရွာ၊ တဲကြီးကုန်းကျေးရွာတို့ လျှပ်စစ် ဓါတ်အား ရရှိနိုင်မည် ဖြစ်သည်။

၁၂။ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာများ ဓါတ်အားရရှိရေးအတွက် တိုင်း ဒေသကြီး ဘတ်ဂျတ်ဖြင့် လုပ်ငန်းများ လျာထားဆောင်ရွက်ရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ်များထံမှ လိုအပ်သော အချက်အလက်အမှန်များ မရရှိခဲ့ပေ။

၁၃။ လွှတ်တော်ကိုယ်စားလှယ်မိသားစုဝင်များ ပိုင်ဆိုင်သော ကုမ္ပဏီများသည် (၃၃) ကေဗွီ ဓါတ်အားလိုင်းများ၊ (၁၁) ကေဗွီ ဓါတ်အားလိုင်းများအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာပြည်သူများ၏ ရန်ပုံငွေတို့ကို သုံးစွဲကာ ဆောင်ရွက်နေမှုတို့သည် အစိုးရ၏ လျှပ်စစ်ဆိုင်ရာမူဝါဒများနှင့် ကွဲလွဲလျက်ရှိသည်။ ကျေးရွာနေပြည်သူများအတွက် ငွေကြေး အကြွေးတင်ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။

## အကြံပြုချက်

၁၄။ မိတ္ထီလာမြို့နယ်၊မကျီးစုကျေးရွာအပါအဝင် မြေနီကုန်း၊ရွာသစ်၊ ဆည်ခြား၊ ကွမ်းခြံ ကုန်း၊ ထနောင်းကုန်းကျေးရွာ အစုအဖွဲ့တို့တွင် အိမ်ခြေ(၂၄၁)အိမ် တစ်ဆက်တစ်စပ် တည်း ရှိပြီး ကိုယ်ထူကိုယ်ထဖြင့် ဝယ်ယူထားသော (၁၁/၀.၄)ကေဗွီ (၃.၅)ကေဗွီအေ ထရန်စဖော် မာ(၁)လုံး၊ တိုင်းဒေသကြီးဘတ်ဂျတ်ဖြင့် မြေနီကုန်းကျေးရွာတွင်(၁၁/၀.၄)ကေဗွီ (၂၀၀) ကေဗွီအေထရန် စဖော်မာတစ်လုံးတို့ တည်ဆောက်ထားပြီးဖြစ်နေရာငင်း ကျေးရွာအစု အဖွဲ့အတွက် အမှန်တကယ်လိုအပ်သော ထရန်စဖော်မာအမျိုးအစား(၁)လုံးဖြင့်သာ ဓါတ်အားဖြန့်ဖြူးပေး သင့်ပါသည်။ (၁၁/၀.၄)ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာဖြင့် ဓါတ်အားဖြန့်ဖြူး ပေးမည်ဆိုပါက ထရန်စဖော်မာ ဆက်စပ်ပစ္စည်းများကို ဖြည့်ဆည်း ပေး ရမည်ဖြစ်သည်။ကျန်ရှိနေမည့် ထရန်စဖော်မာ(၁)လုံးအား မကျီးကျေးရွာ မီးလင်းရေး ကော်မတီထံ အပ်နှံပြီး ၎င်းကော်မတီ၏ ငွေရေးကြေးရေးအခက်အခဲ ဖြစ်ပေါ်နေမှုအတွက် စီမံခန့်ခွဲ ခွင့်ပြုပေးသင့်ပါသည်။ ထို့ပြင်လိုအပ်နေသော (၁၁)ကေဗွီဓါတ်အား လိုင်း (၀.၂၅)မိုင် ကိုလည်း အနီးဆုံး ဘဏ္ဍာနှစ်တွင် လျာထား ဆောင်ရွက်ပေးသင့်ပါသည်။

၁၅။ မိတ္ထီလာမြို့နယ်၊ မြာကျေးရွာအုပ်စု၊ ရေဝေကျေးရွာနှင့် တဲကြီးကုန်းကျေးရွာများ ဓါတ်အားရရှိစေရေးအတွက် မြာကျေးရွာရှိ(၃၃) ကေဗွီလိုင်းမှ ရေဝေကျေးရွာဘက်သို့ ပေ(၁၀၀၀)ခန့် တည်ဆောက်နိုင်ရေးကို မိတ္ထီလာမြို့နယ် စီမံခန့်ခွဲရေးကော်မတီ၏ အစီအစဉ်ဖြင့် အမြန်ဆုံးအရေးယူ တည်ဆောက်ပေးသင့်ပါသည်။ (ဆောင်ရွက်မည့်အစီအစဉ် အသေးစိတ်အား မြို့နယ်စီမံခန့်ခွဲမှု ကော်မတီမှ ဩဂုတ်လ(၂၃)ရက်နေ့တွင် တင်ပြသွား မည်

ဟု သိရပါသည်။) ဓါတ်အားလိုင်းချိတ်ဆက်တည်ဆောက်ရာတွင် ဖြစ်ပေါ်လာမည့် အခက်အခဲ အတားအဆီး ဖြစ်ပေါ်စေသူများအား ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး အစိုးရတို့မှ ဥပဒေအရ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်တို့နှင့်အညီ ထိရောက်စွာ စီမံခန့်ခွဲအရေးယူ ဆောင်ရွက်သင့်ပါသည်။ ရေဝေကျေးရွာအတွက် လိုအပ်နေသော (၃၃/၀.၄) ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ(၁)လုံးအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ထောက်ပံ့ပေးမည်ဟု သိရှိရသဖြင့် တာဝန်ရှိသူများအနေဖြင့် ဆက်လက် ဆောင်ရွက် သွားသင့်ပါသည်။ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းဖြင့် ချိတ်ဆက်ဆောင်ရွက်မှု အဆင်မပြေပါက တိုင်းဒေသကြီးဘတ်ဂျက်တွင် မဖြစ်မနေထည့်သွင်းလျာထား ဆောင်ရွက်ပေးသင့်ပါသည်။

၁၆။ ပျော်ဘွယ်မြို့နယ်၊ အလယ်ကျွန်းကျေးရွာ၊ ထနောင်းပင်ဝိုင်းကျေးရွာ၊ လင့်စင် ကုန်းကျေး ရွာနှင့် ကြက်တည်းလေးကျေးရွာ တို့အတွက် လိုအပ်သော ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရဘတ်ဂျတ် ၂၀၁၈ခုနှစ်၊ ပထမ(၆)လ တွင်လျာထားဆောင် ရွက်ပေးခဲ့ပြီးဖြစ်သည့်အပြင် (၁/၂၀၁၇) တင်ဒါ စည်းမျဉ်း စည်းကမ်းအရ တင်ဒါအောင်မြင်သော ကုမ္ပဏီဖြင့် တည်ဆောက်စေရမည်ဖြစ်ပါသည်။ ရေးရာကော်မတီ၏ မြေပြင်ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်အရ ၎င်းကျေးရွာ(၄)ရွာတွင် မြတ်မွန်စိုးကုမ္ပဏီမှ တည်ဆောက်ထားသော ထရန်စဖော်မာများသည် ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့် ညီညွတ်မှုမရှိသည်ဟု သုံးသပ်ပါသည်။ ထို့ကြောင့် ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့် မညီညွတ်ဘဲ တည်ဆောက်ထားသော ထရန်စဖော်များနှင့် ဆက်စပ် ပစ္စည်း များအား မြတ်မွန်စိုး ကုမ္ပဏီနှင့် သက်ဆိုင်ရာမီးလင်းရေး ကော်မတီများက တာဝန်ယူ၊ တာဝန်ခံစေပြီးတင်ဒါ အောင်မြင်သော ကုမ္ပဏီမှ ၂၀၁၈ခုနှစ် ပထမ(၆)လ ဘဏ္ဍာနှစ်ကာလ အပိုင်းအတွင်း အပြီးသတ်တည်ဆောက် သင့်ပါသည်။ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီမဆောင်ရွက်ခဲ့သော မြတ်မွန်စိုးကုမ္ပဏီအားလည်း ထိရောက်စွာ အရေးယူ ဆောင်ရွက် ခြင်းများ ပြုသင့်ပါသည်။

၁၇။ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများလျှပ်စစ်ဓါတ်အားရရှိစေရေးအတွက် အစိုးရ လွှတ်တော်များမှ ပေါင်းစပ်ဆောင်ရွက်နေလျက်ရှိပြီး Cutizen Budget အပြည့်အဝ ဖြစ်လာစေရေး သက်ဆိုင်ရာမြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြ တောင်းဆိုလာမှုအပေါ် အရေးထားဆောင်ရွက်လျက်ရှိပါသည်။ ယခုပျော်ဘွယ်မြို့အတွင်းရှိ ကျေးရွာလျှပ်စစ်မီးလင်း ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြတောင်းဆိုမှု အမှားမြောက်များစွာ ရှိနေသည်ကိုလည်း စိစစ်တွေ့ရှိရသဖြင့် မြေပြင်

အချက်အလက်အမှန်များအပေါ် အခြေခံပြီး ပျော်ဘွယ်မြို့နယ်၏ ကျေးရွာ လျှပ်စစ်မီး လင်းရေး လုပ်ငန်းများအား ပြန်လည်စိစစ် သင့်ပါသည်။

ဥပမာ။ ၂၀၁၈-၂၀၁၉ခုနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) မန္တလေး တိုင်းဒေသကြီးဘတ်ဂျက်တွင် လျာထားပြီးသော ပျော်ဘွယ်မြို့နယ်၊ ဆည်ရွာ ကျေးရွာအထွက် (၃၃/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ပေးခြင်းလုပ်ငန်းနှင့် ပျော်ဘွယ် မြို့နယ်၊ ချောင်း မကြီး ကျေးရွာအထွက် (၃၃/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ပေးခြင်းလုပ်ငန်းတို့ဖြစ်သည်။ ပျော်ဘွယ်မြို့နယ်၊ ဆည်ကျေးရွာ သည် ၂၀၁၈ခုနှစ်၊ မတ်လ(၁၇)ရက်နေ့တွင်လည်းကောင်း၊ ချောင်းမကြီး ကျေးရွာသည် ၂၀၁၈ခုနှစ် ဩဂုတ်လ(၈)ရက်နေ့တွင် လည်း ကောင်း ကိုယ်ထူ ကိုယ်ထစနစ်ဖြင့် မြတ်စိုးမွန်ကုမ္ပဏီမှ တည်ဆောက်ကာ ဓါတ်အားလွှတ် မီးလင်းပြီးဖြစ်သည်ကို တွေ့ရှိရပါသည်။

**နိဂုံး**

၁။ မန္တလေးတိုင်းဒေသကြီးလွှတ်တော် စက်မှု စွမ်းအင်နှင့် လျှပ်စစ်ရေးရာ ကော်မတီ၏ မန္တလေးတိုင်းဒေသကြီးအတွင်း မိတ္ထီလာမြို့နယ်နှင့် ပျော်ဘွယ် မြို့နယ်များရှိ ကျေးလက်ဒေသများတွင် လျှပ်စစ်မီးလင်းရေး လိုအပ်ချက်များနှင့် ကျေးရွာများမှ တင်ပြလာသော လျှပ်စစ်ဓါတ်အား ချိတ်ဆက်နိုင်ရေး ဆိုင်ရာ လိုအပ်ချက်များနှင့်ပတ်သတ်၍ ကွင်းဆင်းစစ်ဆေးမှု အခြေအနေအား သိရှိညွှန်ကြားမှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

**ပူးတွဲလျက် - ကွင်းဆင်းမှတ်တမ်းဓါတ်ပုံများ**

**ဥက္ကဋ္ဌ**

**စက်မှုစွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီ**

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**